# ကုလသမဂ္ဂမှာ ကဒါဖီရဲ့ 'မာရသွန်မိန့်ခွန်း'



လစ်ဗျားခေါင်းဆောင် 'ကဒါဖီ' မိန့်ခွန်းပြောတာ ၁ နာရီနဲ့ မိနစ် ၄၀ ကြာသတဲ့။ ကုလသမဂ္ဂညီလာခံရဲ့ ထုံးစံက တဦးကို မိန့်ခွန်း (၁၅) မိနစ်ပဲ ပြောခွင့်ရှိတာပဲ။

ကဒါဖီက စံချိန်ချိုးသူ မဟုတ်ပါဘူး။ ၁၉၆၀ တုန်းက ကျူးဘားခေါင်းဆောင် ကတ်စထရိုက (၄) နာရီနဲ့ (၂၉) မိနစ် ပြောခဲ့ဖူးတယ်။ သူလည်း စံချိန်မချိုးပါဘူး။ စံချိန်တင်ထားသူက အိန္ဒိယက ကရစ်ရှနာမီနွန်ပဲ။ သူက ကုလသမဂ္ဂမှာ အိန္ဒိယရဲ့သံအမတ်ကိုယ်စားလှယ်ပါ။ မီနွန်က (၈) နာရီ ကျော်ကျော် ပြောခဲ့တာပဲ။ သူ့စံချိန်ကို ဘယ်သူမှ မချိုးနိုင်သေးပါဘူး။ မီနွန် မိန့်ခွန်းပြောနေချိန်မှာ ကိုယ်စားလှယ်တချို့က နေ့လည်စာ ထွက်စားကြတယ်။ သူ့မိန့်ခွန်းက မပြီးသေးဘူး။ ညနေရောက်လာလို့ ညနေစာ ထွက်စားကြပြန်တယ်။ စားပြီးပြန်လာတော့လည်း မိန့်ခွန်းက မပြီးသေးဘူးတဲ့။

စံချိန်ချိုးတာဟာ အမေရိကားအလယ်ပိုင်းက ကျူးဘားမဟုတ်ဘူး။ အာဖရိကက လစ်ဗျား မဟုတ်ဘူး။ အိန္ဒိယပဲ။ ဒါဟာ အာရှရဲ့ ဂုဏ်ယူစရာပါ။ ဒီစံချိန်ကို ချိုးဖို့ဆိုတာ နောင်မှာလည်း လွယ်မှာ မဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ မရပ်မနား (၈) နာရီ စကားပြောဖို့ဆိုတာ လွယ်မှတ်လို့။ အိန္ဒိယသားမို့ တတ်နိုင်တာပါ။

ဒါပေမဲ့ ကဒါဖီကို စံချိန်ချိုးသူလို့ ပြောနိုင်တာတခုတော့ ရှိတယ်။ မီနွန်ဖြစ်ဖြစ်၊ ကတ်စထရိုဖြစ်ဖြစ် သူတို့က လုံခြုံရေးကောင်စီကို စွဲချက်တင်တာ မလုပ်ကြဘူး။ ကဒါဖီက လုပ်တယ်။ လုံခြုံရေးကောင်စီကို ကြီးစိုးနေတဲ့ ကြီး (၅) ကြီးကို အယ်ကေဒါ အကြမ်းဖက်ခြိမ်းခြောက်ရေးဂိုဏ်းထက် ဆိုးရွားတဲ့ အကြမ်းဖက်ဂိုဏ်းပဲလို့ စွဲချက်တင်တယ်။

ကြီး (၅) ကြီးကို အဲဒီလို ပြောရုံနဲ့ မပြီးသေးဘူး။ ကုလသမဂ္ဂအထွေထွေညီလာခံမှာ မိန့်ခွန်း ပြောရတာက လန်ဒန်က ဟိုက်ပတ်စ်ပန်းခြံမှာ ထင်းရှူးသေတ္တာပေါ်တက်ပြီး လေပန်းရတာမျိုးပဲလို့လည်း ပြောတယ်။ ထင်းရှူးသေတ္တာပေါ်မှာတက်ပြီး ဟောပြောသူအဖြစ် သူ့ကိုယ်သူလည်း ပြန်ပြီး အကဲဖြတ်သွားလေရဲ့။